မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ

February 27 , 2023 Volume 63, Number 19

| ၂၇.၂.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၈၂၄ US$ |
| မြန်မာ့ရွှေစျေး | = ၂၈၅၃၀၀၀ |
| ဒေါ်လာစျေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်း၌ သကြားလိုအပ်ချက်များပြားမှုကြောင့် သကြားတစ်ပိဿာ ငွေကျပ် ၃၀၀၀ နီးပါးထိစံချိန်တင်ဈေးမြင့်တက်လာ



Source: မကွေးဂျာနယ်

ပြည်တွင်း၌ သကြားအခြေခံ စားသောက်ကုန် ထုတ်လုပ်သည့်စက်ရုံများနှင့် စားသုံးသူ လိုအပ်ချက်မြင့်မားလာခြင်းနှင့် ကြံထွက်နှုန်း လျော့ကျသဖြင့် သကြားထုတ်လုပ်မှု လျော့နည်းမှုကြောင့် သကြားတစ်ပိဿာ ငွေကျပ် ၃၀၀၀ နီးပါးထိ စံချိန်တင် ဈေးမြင့်တက်လာကြောင်းသိရသည်။

ကြံများ ကြိတ်ဝါး၍ သကြားထုတ်လုပ်သည့် စက်ရုံပေါင်း ၃၀ ကျော်ရှိရာ အချို့စက်ရုံများမှ သကြားထုတ်လုပ်မှု ပြီးဆုံးပြီဖြစ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရန် ဆောင်ရွက်နေရသည်ဟု မြန်မာနိုင်ငံ၊ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း၊ ဒုဥက္ကဌ ဦးဝင်းဌေးကပြောသည်။ "ကြံစိုက်ရာသီတုန်းက နောက်မိုးခေါင်လို့ ကြံထွက်နှုန်းလျော့နည်းသွားသလို ပြည်ပကိုကြိုတင်ရောင်းထားတာကြောင့် အဲဒီကိုပို့နေရတယ်။ ပြည်တွင်းထွက်နှုန်းနည်းတာနဲ့ သကြားကို ပြည်ပကနေ တင်သွင်းတာမရှိတော့လို့ ပြည်တွင်းသကြားက လိုအပ်ချက်များလာပြီး တစ်ပိဿာ ငွေကျပ်၂၅၀၀ ကနေ ၃၀၀၀ နီးပါးဖြစ်လာတယ်။ ရန်ကုန်မှာ ၃၀၀၀ လောက်ပေါက်တယ်" ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလက သကြားတစ်ပိဿာ ငွေကျပ် ၂၆၀၀ ဝန်းကျင်ပေါက်ဈေးရှိခဲ့ရာက လက်ရှိတွင် ငွေ ကျပ်၂၉၀၀ ပေါက်ဈေးရှိကြောင်း၊ ကြံစိုက်ရာသီတွင် ကြံစိုက်ပျိုးမှုမှ ထွက်နှုန်း ၁၀ ရာခိုင်နှုန်းကျော်လျော့နည်းသွားခြင်း၊ ပြည်ပသို့ တင်ပို့နေရခြင်းနှင့် ပြည်ပမှသကြားတင်သွင်းမှုမရှိတော့ခြင်းတို့ကြောင့် ပြည်တွင်းထုတ်သကြားမှာ ဈေးမြင့်လာကြောင်းသိရသည်။ "ကြံကြိတ်ဝါးမယ့် သကြားစက်အသစ် ၃ စက်ကလာမယ့် ကြံရာသီမှာ စတင်လည်ပတ်တော့မှာဖြစ်လို့ ကြံတန်ချိန် ၂၀၀၀၀ ကြိတ်ဝါးပြီးသကြား တန်ချိန် ၂၀၀၀၀ လောက်ထွက်နှုန်းတိုးလာမယ်။ စက်ရုံတွေတိုးလာလို့ ကြံလိုအပ်ချက်ဖြည့်ဆည်းဖို့ရော၊ သကြားဈေးကောင်းရတာကြောင့် စိုက်ဧကတွေတိုးလာတယ်။ ခုဆိုရင် စိုက်တောင်နေကြပြီ"ဟု ဆက်လက်ပြောကြားသည်။

ရှမ်းပြည်နယ်တွင် ကြံတန်ချိန်တစ်သောင်း ကြိတ်ဝါးနိုင်မည့်စက်ရုံတစ်ရုံနှင့် စစ်ကိုင်းတိုင်းတွင် ကြံတန်ချိန် ငါးထောင်စီကြိတ်ဝါးနိုင်မည့် စက်ရုံ ၂ ရုံ လည်ပတ်တော့မည်ဖြစ်၍ လာမည့်ကြံရာသီတွင် သကြားတန်ချိန် ၂၀၀၀၀ ဝန်းကျင် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်းသိရသည်။

Source: မကွေးဂျာနယ်

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀.၂.၂၀၂၃ မှ ၂၄.၂.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




Source: https://t.me/htwettoe

**မတ်ပဲ**

မတ်ပဲကတော့ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးအနည်းငယ်ကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်း အဝင်ပေါ်မူတည်ပြီး ဈေးအတက်အကျရှိနေတာပါ။ပဲ အသစ်တွေကတော့ ဈေးကွက်ထဲ အဝင်နည်းပြီး ဝယ်လက်တွေကတော့ ပုံမှန်ရှိတယ်လို့သိရပါတယ်။ ငွေလဲလှယ်နှုန်းကလည်း အနည်းငယ်မြင့်တက်နေလို့ မတ်ပဲဈေးက အတက်ဈေးနဲ့ရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံကို လာမယ့် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၇ သိန်းထိ ပို့ဖို့ ရှိတယ်လို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်ပါတယ်။ အိန္ဒိယနိုင်ငံက မတ်ပဲကို မြန်မာနိုင်ငံအပြင် အခြားပြည်ပနိုင်ငံတွေကပါ ဝယ်ယူနေတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၈ သိန်း ၆ သောင်းပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ နှိုင်းယှဉ်ရင် တစ်တန်ကို ၁၅၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၈၀၀၀၀ ကနေ ၁၈၃၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၄၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၉၀၀၀ ကနေ ၆၀၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းမှာတော့ ၂၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့အပတ်နဲ့နှိုင်းယှဉ်ရင် ဈေးအနည်းငယ်ကျဆင်းပေမယ့် လက်ရှိအချိန်ထိ စံချိန်တင်ဈေးမြင့်တက်နေတဲ့ အခြေအနေဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံကလည်း ပဲစင်းငုံနီလိုအပ်ချက်မြင့်မားနေပြီး အထွက်နှုန်းက လျော့နည်းနေတာဖြစ်လို့ ပဲစင်းငုံနီကတော့ ဈေးကောင်းရနိုင်မယ်လို့ သုံးသပ်ထားကြပါတယ်။ အိန္ဒိယနိုင်ငံက ပဲစင်းငုံနီကို မြန်မာနိုင်ငံအပြင် ဆူဒန်နိုင်ငံကပါ ဝယ်ယူနေတာဖြစ်ပါတယ်။

ပြည်တွင်းမှာလည်း ပဲစင်းငုံနီက လက်ကျန်လျော့သလောက်ဖြစ်နေပြီး အချို့ဒေသတွေမှာ ဈေးကွက်ဖွင့်ထားပေမယ့် အရောင်းအဝယ်ကတော့ မရှိဘူးလို့သိရပါတယ်။ လှောင်လက်သမားတွေကလည်း လက်ရှိပေါက်ဈေးထက် အတက်ကို စောင့်နေကြတယ်လို့ ကုန်သည်အချို့ကခန့်မှန်းပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၂၁၂၆၅၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ထောင်ဂဏန်းလောက်သာ ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၂၀၀၀၀၀ ကနေ ၂၀၂၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၂၀၀၀ ကျော်ဈေးမြင့်တက်လာပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ မုံရွာနှင့်အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၆၆၀၀၀ ကနေ ၆၇၅၀၀ ကြားပေါက်ဈေးရှိပြီး ဈေးငြိမ်နေပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းက ရန်ကုန်ဈေးကွက်မှာ ဈေးငြိမ်နေပေမယ့် နယ်ဈေးကွက်မှာတော့ ဈေးကျဆင်းသွားပါတယ်။ မြန်မာပြည်အောက်ပိုင်းကနေ ပဲအသစ်တွေ အများအပြားဝင်ရောက်နေပြီး ထိပ်စပဲတွေက အရည်အသွေးညံ့နေတဲ့အတွက် ဈေးကျဆင်းဈေးငြိမ်သွားတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲတီစိမ်း(ဝါးခယ်မ၊ ခရမ်းရွှေဝါ)တို့က တစ်ပိဿာကို ၂၉၃၀ ကနေ ၃၉၁၅ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲတီစိမ်းက တစ်အိတ်ကို ၁၄၅၀၀၀ကနေ ၂၂၀၀၀၀ ကြားပေါက်ဈေးရှိနေပြီး ၁၀၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

နယ်ဈေးကွက်တွေမှာလည်း ပဲတီစိမ်းက တစ်တင်းကို ၅၀၀ ကနေ ၁၀၀၀ ကြား ဈေးကျဆင်းသွားပြီး အရည်အသွေး အတိုင်း တစ်တင်းကို ၅၁၀၀၀ ကနေ ၅၇၀၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။

**ပဲကြီး**

ပဲကြီးဈေးကတော့ ၂ ပတ်ဆက်တိုက်ဈေးပြန်ကျဆင်းနေပါတယ်။ နေ့စဉ်အဝင်ပေါ်မူတည်ပြီး အနည်းငယ် အပြောင်း အလဲရှိပါတယ်။ အသစ်တွေ ဈေးကွက်ထဲဝင်နေလို့ ဈေးတွေကျဆင်းနေတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲကြီး(ရွှေကျွန်း)က တစ်ပိဿာကို ၄၅၁၀ မှ ၄၆၀၅ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ ပဲကြီး(ကုန်း)ကတော့ တစ်ပိဿာကို ၄၁၃၅ မှ ၄၁၇၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၉၀ ကျပ်ဈေးကျဆင်းပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲကြီး(ကြီး၊ လတ်၊ သေး) တို့က တစ်အိတ်ကို ၂၀၀၀၀၀ ကနေ ၂၃၀၀၀၀ ပေါက်ဈေး ရှိနေပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ်လောက်ဈေး ကျဆင်းသွားပါတယ်။

အောင်လံဈေးကွက်မှာတော့ ပဲကြီးက တစ်တင်းကို ၇၇၀၀၀ ကနေ ၈၀၀၀၀ ပေါက်ဈေးရှိနေပြီး ဈေးငြိမ်ပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၆၆၀၀၀ ကနေ ၇၄၀၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၃၀၀၀ ကျပ် ဈေးကျဆင်း သွားပါတယ်။

**ပဲယင်း**

ပဲယင်းနီကတော့ ဈေးကွက်အတွင်းဈေးတက်ပေမယ့် ပဲယင်းရိုးရိုးကတော့ ဈေးအနည်းငယ်ကျဆင်းသွား ပါတယ်။ ဈေးကွက်ထဲ အသစ်တွေဝင်ရောက်မှုရှိနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲယင်းနီက တစ်ပိဿာကို ၃၆၆၅ ပေါက်ဈေးရှိပြီး အမြင့်ဈေးနဲ့ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ သုံးတင်းဝင်တစ်အိတ်ကို ၂၂၅၀၀၀ ကနေ ၂၂၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးတက်လာပါတယ်။ ရိုးရိုးပဲယင်းကတော့ တစ်အိတ်ကို ၁၄၈၀၀၀ ကနေ ၁၅၈၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

ပုသိမ်၊ ဟင်္သာတဈေးကွက်မှာတော့ ပဲယင်းက တစ်တင်းကို ၇၃၀၀၀ ပေါက်ဈေးရှိပြီး ၁၅၀၀ ကျပ်ဈေးကျဆင်း သွားပါတယ်။

**စီပီပြောင်း**

စီပီပြောင်းကတော့ ဈေးတွေပြန်ကျဆင်းသွားပါတယ်။ ထိုင်းနိုင်ငံကို အခွန်ကင်းလွတ်ခွင့်နဲ့ လာမယ့်ဩဂုတ်လအထိ တင်ပို့ခွင့်ရှိနေတာ ဖြစ်ပါတယ်။

ပြည်ပနိုင်ငံတွေကို ပြောင်းတင်ပို့ခွင့်ရှိနေပေမယ့် ဗဟိုဘဏ်က သတ်မှတ်လိုက်တဲ့ ငွေလဲလှယ်နှုန်း ၆၅/၃၅ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံပြောင်းတင်ပို့တဲ့ ကားခဈေးမြင့်တက်မှုတွေကြောင့် ကုန်သည်တွေအနေနဲ့ အထိနာစေပြီး ပြောင်းဈေးကိုလည်း လျှော့ချဝယ်ယူမှုတွေရှိနေတယ်လို့ စိုက်ပျိုးရောင်းချသူတွေကဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြောင်းဆန်က တစ်ပိဿာကို ၁၂၆၀ ကနေ ၁၂၈၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀ ကျပ်ဈေး ကျဆင်းပါတယ်။

မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက တစ်အိတ်ကို ၆၃၀၀၀ ကနေ ၆၃၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀ ကျပ်ဈေး ကျဆင်းပါတယ်။ပြောင်း (ရှမ်း၊ဗမာ)တို့ကလည်း တစ်အိတ်ကို ၅၉၀၀၀ ကနေ ၆၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

မုံရွာဈေးကွက်မှာတော့ စီပီပြောင်းက တစ်တင်းကို ၂၀၇၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ ကျပ် ဈေးကျဆင်း သွားပါတယ်။

**Source: (AMIA)** https://t.me/htwettoe

## ပြည်တွင်းရွှေဈေးနှုန်း တဖြည်းဖြည်းကျဆင်းလာ

ကမ္ဘာ့ရွှေဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းမှာ ကျပ် ၂၈၄၃၀၀၀ ဖြင့်တဖြည်းဖြည်း ကျဆင်းလာပြီဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းတွင် အသင်းမှရွှေဆိုင်များနှင့် ရွှေကုန်သည်များအနေဖြင့် မီးလင်းရွှေတစ်ကျပ်သားလျှင် ၂၇၉၀၀၀၀ ကျပ်ဖြင့် ရောင်းချရန်ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း ရွှေဈေးနှုန်းကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးနှုန်းကိုလည်း ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီမှ ထုတ်ပြန်ထားခြင်းမဟုတ်ဘဲ အသင်း၏သုံးသပ်ချက်အရ ဖြစ်သင့်သည့်ဈေးနှုန်းကို ထုတ်ပြန်ပေးခြင်းဖြစ်ကြောင်း အသိပေးထားသည်။

ယခုရက်ပိုင်းအတွင်း ကမ္ဘာ့ရွှေဈေးမှာအကျပိုင်းတွင်ရှိနေပြီး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၁၀ ကျပ်ဖြစ်ပြီး အသင်း၏ ကြမ်းခင်းရည်ညွှန်းဈေးနှုန်းမှာလည်း ကျပ် ၂၁၃၂၄၀၀ ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## လာမည့်ဘဏ္ဍာနှစ် ပြည်ပသို့ ပဲတီစိမ်းတန်ချိန် ခြောက်သိန်းတင်ပို့မည်

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲတီစိမ်းတန်ချိန်ခြောက်သိန်း တင်ပို့သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ခန့်မှန်းတန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၅၁၆ သန်း တန်ဖိုးရှိမည့် အဆိုပါပဲတီစိမ်းများကို တစ်ကြိမ်တင်ပို့ပါက တန်ချိန်တစ်သိန်းခွဲဖြင့် လေးကြိမ်ခွဲ၍ တင်ပို့သွားမည်ဖြစ်ကာ တင်ပို့ချိန်တွင် ပဲတီစိမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၆၀ ခန့်ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပဲတီစိမ်းကိုဟက်တာ ၁ ဒသမ ၂၄ သန်းစိုက်ပျိုးပြီး တစ်ဟက်တာ ၁ ဒသမ ၂၇ တန်ထွက်ရှိကာ စုစုပေါင်း ပဲတီစိမ်းထွက်ရှိမှုအနေဖြင့် သန်း ၁ ဒသမ ၆ မက်ထရစ်တန်ရှိပြီး ယင်းတို့အနက်မှ ပြည်တွင်းစားသုံး၍ ပိုလျှံသည့် ပဲတီစိမ်းများကို ပြည်ပသို့ တင်ပို့နေခြင်းဖြစ်သည်။

ပဲတီစိမ်းကို မြန်မာပြည်အောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မြန်မာပြည်အလယ်ပိုင်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အပြင် မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲတီစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၃ သန်း ကျော်ရှိကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## မြန်မာ-တရုတ် နမ့်ဖာဟော်ချစ်ကြည်ရေးတံတားပြန်လည်ဖွင့်လှစ်

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နမ့်ဖာဟော်ချစ်ကြည်ရေးတံတားအား ကိုဗစ်(၁၉)ရောဂါအခြေအနေကြောင့် ယာယီပိတ်ထားသည်မှာ ၃ နှစ်ခန့်ကြာမြင့်ခဲ့ပြီးနောက် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် နမ့်ဖာဟော်ချစ်ကြည်ရေးတံတားမှတဆင့် ဖြတ်သန်းသွားလာမည့်သူများသည် ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်(တစ်ခါသုံး)အား မှတ်ပုံတင်မူရင်း၊ကိုဗစ်(၁၉)ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးပြီးကြောင်း လက်မှတ်ပြသ၍ ပြုလုပ်နိုင်ကြောင်း သိရသည်။

ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(တစ်ခါသုံး)ပြုလုပ်ရာတွင် ငွေကျပ် ၃၀၀ ကျသင့်မည်ဖြစ်ကာ ချင်းရွှေဟော်မြို့ဒေသခံများသည် ၁ နှစ်စာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်လိုပါက မှတ်ပုံတင်မူရင်း/မိတ္တူ၊ ကိုဗစ်(၁၉)ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးပြီးကြောင်းလက်မှတ်၊ သန်းခေါင်စာရင်း မူရင်း/မိတ္တူတို့အားပြသ၍ ငွေကျပ် ၈၀၀ ဖြင့် ပြုလုပ်နိုင်ကြောင်း သိရသည်။

မြန်မာ-တရုတ် နမ့်ဖာဟော်ချစ်ကြည်ရေးတံတားမှတဆင့် လိုင်စင်ရှိသည့် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ အိမ်စီးကား၊ လိုက်ထရပ်၊ ပစ်ကပ်၊ မီနီဘတ်စ်ကားများ၊ လုပ်ငန်းလိုင်စင်ရှိသောယာဉ်များသည် တစ်နိုင်တစ်ပိုင်ကုန်စည်သယ်ယူခွင့်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များအားလုံးကို ဖြတ်သန်းသွားလာခွင့်ပြုကြောင်း သိရသည်။

မြန်မာ-တရုတ် နမ့်ဖာဟော်ချစ်ကြည်ရေးတံတားပြန်လည်ဖွင့်လှစ်ရာသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၏ ဗိုလ်မှူးချုပ်ဇော်မင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမိုးဇော်လတ်၊ အဖွဲ့ဝင်ဦးခင်မောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တရုတ်နိုင်ငံဘက်မှလည်း နယ်စပ်စီးပွားရေးဇုန် ဒု-အတွင်းရေးမှူး မစ္စတာရှိန်ရှုပ်ချန်၊ ကိန်းမခရိုင်၊ ပြည်ပဆက်ဆံရေးဌာနမှူး မစ္စတာကျန်တာနဲ၊ မိန်းတိန် နယ်စပ်ဂိတ် လူဝင်/ထွက်တာဝန်ခံ မစ္စတာလျှိုရှောက်ဝူတို့ တက်ရောက်ခဲ့ကြသည်။

**Source: Popular News Journal**

## ဆန်နှင့်ဆန်ထွက်ပစ္စည်းတင်ပို့မှုမှရရှိသည့် နိုင်ငံခြားငွေ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့်လဲလှယ်ရမည်

ပြည်ပသို့ ဆန်နှင့်ဆန်ထွက်ပစ္စည်းတင်ပို့မှုမှရရှိသည့် နိုင်ငံခြားသုံးငွေ ၆၅ ရာခိုင်နှုန်းကို လာမည့် မတ်လ ၁ ရက်မှစတင်ကာ ဗဟိုဘဏ်၏ညွှန်ကြားချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့်လဲလှယ်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

"မတ်လကစပြီး တရုတ်နိုင်ငံကိုဆန်ရောင်းလို့ ယွမ်ငွေတစ်ရာရရင် ခြောက်ဆယ့်ငါးရာခိုင်နှုန်းကို ဗဟိုဘဏ်က သတ်မှတ်တဲ့ ၃၀၈ ကျပ်နဲ့ပဲလဲခွင့်ရှိတော့မယ်။ ကျန်တဲ့ သုံးဆယ့်ငါးရာခိုင်နှုန်းကို မြန်မာငွေပြင်ပပေါက်ဈေး ၄၂၆ ကျပ်ယူပေါ့။ ဘာပဲပြောပြော ငွေကွာဟမှု အများကြီးဖြစ်သွားတာပေါ့။ ငွေကွာဟာမှုဖြစ်သွားတဲ့အတွက် ဆန်တစ်အိတ်ကို တစ်ရာခိုင်နှုန်းလဲတုန်းက အခြေအနေနဲ့တွက်ရင် နစ်နာတာတွေဖြစ်သွားတာပေါ့။ လောလောဆယ်တော့ အခက်အခဲရှိတယ်။ နောက်ပိုင်းဆိုရင်တော့ အဆင်ပြေသွားမှာပါ" ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမင်းသိန်းက စံတော်ချိန် ဒစ်ဂျစ်တယ်သို့ ပြောသည်။

လာမည့် မတ်လ ၁ ရက်မှစတင်၍ ပြည်ပသို့တင်ပို့သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၏ ပို့ကုန်ဝင်ငွေအပေါ် တစ်ပြေးညီကျင့်သုံးမည်ဖြစ်သဖြင့် အဆိုပါနေ့ရက်မတိုင်မီ ပြည်ပမှ ကုန်ဖိုးငွေကြိုတင်ပေးပို့ထားပြီး မတ်လ ၁ ရက်မှစတင်ကာ ပြည်ပသို့တင်ပို့မည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းပို့ကုန်ရငွေများကို သတ်မှတ်နှုန်းထားအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဆန်နှင့်ဆန်ထွက်ပစ္စည်းတင်ပို့ရောင်းချရာတွင် ရရှိသည့် ပို့ကုန်ဝင်ငွေ (နိုင်ငံခြားသုံးငွေ)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့်နှုန်းထားဖြင့် မြန်မာကျပ်ငွေလဲလှယ်ခြင်းမပြုစေဘဲ ပို့ကုန်တင်ပို့သူများအား ရာနှုန်းပြည့်ထုတ်ယူအသုံးပြုခွင့်ပေးလျက်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source: [https://t.me/sdtimedaily](https://t.me/sdtimedaily)**

## လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းကဏ္ဍ (၂၈) ခုကို အခွန်ကင်းလွတ်ခွင့်ပေးရန်ပြင်ဆင်နေ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်း (၂၈) ခုကို ဦးစားပေး မြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအဖြစ်သတ်မှတ်ကာ အခွန်ကင်းလွတ်ခွင့်နှင့်အခွန်လျှော့ပေါ့ခွင့် လျှောက်ထားနိုင်ကြောင်းသိရသည်။

အဆိုပါ EV ယာဉ်နှင့် ဆက်စပ်လုပ်ငန်း (၂၈) ခုအား ယခင်သတ်မှတ်ထားပြီးသား ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ထပ်မံထည့်သွင်းပေးလိုက်ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းများကို လုပ်ကိုင်သူများအနေဖြင့် အခွန် ကင်းလွတ်ခွင့်နှင့် ဝင်ငွေခွန်ခွင့်များ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ထံမှသိရသည်။

"ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍထဲမှာ EV ကို ထည့်သွင်းလိုက်တာ ဖြစ်ပါတယ်။ ဒါကလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ သဘောထားရယူပြီးတော့မှ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရတာဖြစ်ပါတယ် ။ EV လုပ်ငန်းဟာ အရင်ထုတ်ပြန်ထားပြီးဖြစ်တဲ့ အမိန့်ကြေညာစာ ၁၃/၂၀၁၇ ထဲမှာ မပါသေးဘူး။ ဒါကြောင့်မလို့ EV ဟာလည်း ဦးစားပေး ရင်းနှီးမြှုပ်နှံမှုထဲမှာပါတယ်ဆိုပြီး အမိန့်ကြေညာစာထုတ်တာဖြစ်ပါတယ်" ဟု ဦးသန့်စင်လွင်က နိုင်ငံပိုင်သတင်းဌာနမှ တဆင့် ပြောကြားထားသည်။

အဆိုပါ အခွန်ကင်းလွတ်ခွင့်သက်သာခွင့်နှင့်ပတ်သက်၍ ပြီးခဲ့သည့် ဖေဖေလ်ဝါရီ ၁၅ ရက်ကပင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အမိန့်ကြေညာစာအမှတ် (၁/၂၀၂၃)ခုနှစ်ဖြင့် ဖြည့်စွက်ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ကားများ တွင်ကျယ်စွာအသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီစဉ်ဆောင်ရွက်နေပြီး လျှပ်စစ်ကားတင်သွင်းမှုနှင့် ဆက်စပ်လုပ်ငန်းများအား အခွန်ကင်းလွတ်ခွင့်ပြုရန် စီစဉ်နေခြင်းလည်း ဖြစ်သည်။

လက်ရှိတွင် ပြည်ပမှမှာယူတင်သွင်းသည့် လျှပ်စစ်ကားအချို့ ပြည်တွင်းသို့ရောက်ရှိနေပြီဖြစ်ပြီး ရန်ကုန်နှင့် နေပြည်တော်တို့တွင် အငှားယာဉ်များအဖြစ် စမ်းသပ်အသုံးပြုရန် စီစဉ်လျက်ရှိသည်။

ရန်ကုန်၊ နေပြည်တော်နှင့်မန္တလေးတို့တွင်လည်း လျှပ်စစ်ကားများ ဓာတ်အားဖြည့်တင်းနိုင်မည့်နေရာများ တည်ဆောက်လျက်ရှိပြီး မကြာမီအချိန်အတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း နီးစပ်သူများထံက သိရသည်။

ယခု အခွန်ကင်းလွတ်ခွင့်ပြုမည့်ကဏ္ဍတွင် ပြည်ပမှတင်သွင်းလာမည့် စက်ပစ္စည်းများ၊ စက်ကိရိယာ တန်ဆာပလာများ၊ ပြည်တွင်း၌ ဝယ်ယူ၍မရရှိနိုင်သော တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းအပိုင်းအစများနှင့် ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများလည်း ပါဝင်ကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=104922

## ကုလားပဲသစ်များ အိတ်ရေထောင်ချီဝင်ရောက်လာသော်လည်းဈေးကျဆင်းမှုမရှိ ဝယ်လိုအားကောင်းနေ

ကုလားပဲအုပ်စုပဲသစ်များ အိတ်ရေထောင်ချီဝင်ရောက်လာသော်လည်း ဈေးကျဆင်းမှုမရှိဘဲ ဝယ်လိုအားကောင်း နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပဲသစ်ရာသီအသစ်ဝင်ပဲများ ပမာဏများများ ဝင်ရောက်မှုရှိလျှင် ဈေးကွက်ပေါက်ဈေး အနည်းငယ်ကျဆင်းလေ့ ရှိသော် လည်း ယခုနှစ်တွင် ပြည်တွင်းပဲကုန်သည်များ ငွေမကိုင်ထားလိုဘဲ ပစ္စည်းသာကိုင်ထားလိုကြသဖြင့် ဈေးကွက်အတွင်း အသစ်ဝင်သလောက် ဝယ်လိုအားကောင်းနေခြင်းဖြစ်သည်။

ကုလားပဲအုပ်စုပဲများ အသစ်ဝင်သလောက်ဝယ်လိုအားကောင်းနေကြောင်း၊ အခြားပို့ကုန်ပဲများလည်း ပုံမှန် အမြင့်ဈေး ဖြင့် အဝယ်ကောင်းနေကြောင်း မြေထောက်ပဲများတစ်အိတ် ငွေကျပ် ၂၉၀၀၀၀ ခန့်ပေါက်ဈေးဖြင့် စံချိန်တင် အကောင်းဆုံးပဲ ဖြစ်လာသော်လည်း နှမ်းမျိုးစုံဈေးကွက်မှာ တစ်အိတ် ငွေကျပ် သုံးသိန်းအောက်ကျဆင်းနေပြီး ပဲမာလိုင်း များမှာ ဈေးငြိမ်နေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်း ပွဲရုံ)ကပြောသည်။

"ကုလားပဲအုပ်စု ပဲအသစ် အိတ်ရေ တစ်ထောင်ကျော် ဝင်ရောက်လာပေမယ့် ဈေးကျဆင်းမှုမရှိဘဲ ဈေးကောင်းနေ ပါတယ်။ ပဲအသစ်ဝင်ချိန် ပို့ကုန်အဝယ်မရှိရင် ဈေးကျဆင်းလေ့ရှိပါတယ်။ အခုချိန်မှာ အသစ်ဝင်သလောက်ကို အဝယ်ရှိနေ ပါတယ်။ ငွေကြေးပေးစနစ်နဲ့ကို အဝယ်ကောင်းနေလို့ ကုလားပဲ V2 တစ်အိတ်ငွေကျပ် ၁၈၈၀၀၀ ပေါက်ဈေးရှိလာပါတယ်။ ပို့ကုန်ပဲတွေလည်း အမြင့်ဈေးအတိုင်း ပုံမှန်အဝယ်ရှိနေပါတယ်။ ပို့ကုန်ပဲတွေထဲမှာ မြေထောက်ပဲကတော့ ထူးထူးခြားခြား ဈေးမြင့်တက်လာပါတယ်။ တစ်အိတ်ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးနဲ့ အမြင့်ဆုံးဈေး ဖြစ်လာပါတယ်။ နှမ်းမျိုးစုံ အုပ်စု ကတော့ တစ်အိတ် ငွေကျပ် ၂၈၅၀၀၀-၂၉၀၀၀၀သာ ပေါက်ဈေးရှိတော့တယ်။ ပြည်တွင်းသုံး ပဲမာလိုင်းကတော့ ဈေးအပြောင်းအလဲမရှိတော့ဘဲ လက်ရှိပေါက်ဈေးတွေက အခြေခံပေါက်ဈေးဖြစ်လာပါတယ်´´ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

မတ်ပဲဈေး အနည်းငယ်ကျဆင်းပြီး ပဲစင်းငုံဈေး ဆက်လက်မြင့်တက်နေရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၂၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀၊ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ အညာမှာ ထိပ်စသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးရှိသည်။ ယခင် သီတင်းပတ်ထက် မတ်ပဲနှင့်ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ခန့် ဈေးကျဆင်းသွားသည်။

**နှမ်း၊ မြေပဲ**

တရုတ်လိုင်းတွင်ပို့ကုန်များ တင်ပို့ရာတွင် ရက်ကြာမြင့်ခြင်းကြောင့် နှမ်းမျိုးစုံ ဈေးကွက်အဝယ်အေးသွားရာ တစ်အိတ် ငွေကျပ် သုံးသိန်းအောက် ကျဆင်းသွားခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၃ ရက်တွင် နှမ်းဖြူ ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ အထိ အမြင့်ဆုံးပေါက်ဈေးဖြစ်လာပြီး နှမ်းနက်စမုန်မှာ တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ အထိ ပေါက်ဈေးဖြစ်လာသည်။ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၇၂၀၀၊ ဆီဆန်တစ်ပိဿာ ငွေကျပ် ၆၅၀၀ ပေါက် ဈေးအတိုင်း အရောင်းအဝယ်ပုံမှန်ရှိနေသည်။

အသစ်ဝင်ပဲများ အဝယ်ကောင်းနေပြီး ကုန်သည်များ လက်ဝယ်ပစ္စည်းသိုလှောင်ထားရန် အဝယ်ရှိနေတာကြောင့် ပြည်တွင်းသုံး ပဲမာလိုင်းများ ဈေးကျဆင်းမှုမရှိ တည်ငြိမ်နေရာ ဖေဖော်ဝါရီ ၂၃ တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၁၈၈၀၀၀၊ ပဲယင်းကြီး(သစ်) တစ်အိတ်လျှင် ငွေကျပ် ၁၅၆၀၀၀၊ ပဲကြီး(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲလွန်းဖြူတစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲဇီးကွက်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိနေသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (27.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,562 (Shares) | 18,292,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,400 | 8,300 | 554 | 4,599,200 | 33,109,694 | 274,810 |
| MTSH | 00002 | 3,150 | +100 | +3.28% | 3,050 | 3,150 | 3,050 | 1,873 | 5,725,950 | 38,929,150 | 122,627 |
| MCB | 00003 | 7,500 | -100 | -1.32% | 7,500 | 7,500 | 7,500 | 79 | 592,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 3,746 | 6,407,400 | 29,664,613 | 50,430 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 120 | 312,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 120 | 312,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 70 | 343,000 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 27th Feb. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.03 | +1.62 | +0.43% | 374.66 | 376.54 | 374.66 | 6,562 | 18,292,050 | 7 | 662,593 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Feb. 2023

| Trading Volume | Trading Value |
|---|---|
| 6,562 (Shares) | 18,292,050 (MMK) |

## Main Board

As of 1:00 pm, 27th Feb. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,562 (Shares) | 18,292,050 (MMK) |

| MYANPIX | 376.03 ▲ 1.62 |
|---|---|
| Total Volume (shares) | 6,562 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,593 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 100 |
| MCB | 00003 | 7,500 | ▼ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |